## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## ရုံးအမှတ် (၄၇)၊ နေပြည်တော်

### လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်တိုင်းရင်းဆေးမှူး (လစာနှုန်း၊၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)၊ ရာထူးနေရာအတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

( ဂ ) ( ၄-၄-၂၀၁၈ ) ရက်နေ့တွင် အသက်(၃၅)နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ပြည်တွင်း၌ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်ကိုယ်ရေးမှတ်တမ်းအကျဉ်း။

(ခ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

( ဂ ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်မိတ္တူ။

(ဃ) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(တဆ)မိတ္တူ။

( င ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ။

( စ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး/ရဲစခန်းတို့၏ ထောက်ခံချက်မူရင်း။

(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဖုန်းနံပါတ်။

၃။ လျှောက်ထားသူသည် တာဝန်ချထားရာဌာနအသီးသီး၌ အနည်းဆုံး(၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းခံရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ လိပ်မူ၍ ( ၄-၄-၂၀၁၈ ) ရက်နေ့ ၁၆:၃၀ နာရီ နောက်ဆုံးထား ပေးပို့ရပါမည်။ ဝန်ထမ်း



ဖြစ်ပါက သက်ဆိုင်ရာအကြီးအကဲမှတဆင့် ပေးပို့လျှောက်ထား၍ မိတ္တူတစ်စောင်ကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ သတ်မှတ်ရက်အရောက်ပေးပို့ လျှောက်ထားရမည်။ (သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ)

၅။ သတ်မှတ်ချက်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်မည်။ ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းကို တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတို့တွင် (၂၃-၄-၂၀၁၈)ရက်နေ့၌ ကြေညာသွားမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန website www. dtm.gov.mm တွင်လည်းကြည့်ရှုနိုင်ပါသည်။

၆။ ရေးဖြေစာမေးပွဲအား တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင် (၂၈-၄-၂၀၁၈) ရက်နေ့၌ ကျင်းပမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ် များပါဝင်သောမေးခွန်းလွှာကို ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၂၇-၄-၂၀၁၈) ရက်နေ့မှစ၍ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင် တိုင်းရင်းဆေးဆရာမှတ်ပုံတင်မှုရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းပြသ၍ လာရောက်ထုတ်ယူရမည်။

၈။ လူတွေ့ဖြေခွင့်ရသည့်စာရင်းအား ထပ်မံကြေညာပေးမည်ဖြစ်ပြီး လူတွေ့လာရောက်ဖြေဆိုရာတွင် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာရပါမည်။

၉။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖုန်းနံပါတ်၊ ၀၆၇-၄၃၁၀၉၃/၀၆၇-၄၃၁၀၉၅ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။(သတ်မှတ်ချက်များနှင့် ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။)

တိုင်းရင်းဆေးပညာဦးစီးဌာန

DTM